

# မိုလိုတော့ဗ်

အတွဲ ၂
အမှတ် ၇

ဖက်ဆစ်စစ်တပ်မှ အာဏာသိမ်းထားတာ ရက်ပေါင်း (၁၈၀) ရှိပါပြီ။

ဇူလိုင်၊ ၂၀၂၁



## ဇူလိုင် ၂၃ ကို မမေ့ကြနဲ့ အင်းစိန်ထောင်တွင်း ဆန္ဒပြပွဲ

# မောဟာမွဲ ညည်းသံ

*အောဝိုင်



ဘဝက
နေ့စာနေ့ ညစာည
ရှာစားနေရတဲ့ ဘဝ။

အဖြစ်က
ညညဆို
မနက်စာကို
ဘယ်လိုရှာရမလဲ
ခေါင်းခဲ အိပ်ပျက်
ညဉ့်နက်မိုးလင်းနေတဲ့အဖြစ်။

ဆေးညွှန်းက
အာဟာရရှိတာတွေစားပါ
အိပ်ရေးဝဝ အိပ်ပါ ... တဲ့။

ခက်ပြီ
ငတ်သေမလား
သတ်သေမလား
နှစ်လမ်းသွားလမ်းမကြီးက
အပ်နဖားပေါက်ထက်ကျဉ်းခဲ့ပြီ။ ။

● အောဝိုင်

# ကွက်သစ်နေ ကွက်သစ်စား

မြစ်ရိပ်ဝါ



ဆင်းရဲခြင်းနဲ့ ဆေးထိုးမှားထားတဲ့
အသွေးအသားတွေမို့
အသက်ဝအောင် ရှုသွင်းရဖို့
ကြိုးစားရတာလည်း မလွယ်


ခေတ်ကြီးက တောမှောက်လိုက်တိုင်း
ခေတ်ကြီးက တောခြောက်လိုက်တိုင်း
ပြိုလဲကျရရှာတဲ့ ခနိမိုးထရံကာအိမ်လေးတွေ။ ။

● မြစ်ရိပ်ဝါ

# စစ်ရေးစစ်ရာ မှတ်စုများ

အပိုင်း-၁၆

× ဘိုးဒေါင်း ×



သူလျှိုအသုံးပြုတာနဲ့ပတ်သက်ပြီး အရင်အပတ်တွေတုန်းက ဆက်တိုက်ရေးခဲ့တယ်။ ဒီတပတ်မှာလည်း ကျန်သေးတဲ့အပိုင်းကို နည်းနည်းဖြည့်ပြောချင်တယ်။ သူလျှို(၅)မျိုးလုံးအရေးကြီးပုံကို အားလုံးလည်း သဘောပေါက်လောက်ပြီ။ အဲဒီငါးမျိုးထဲမှာ ရန်သူ့သတင်းသိဖို့က “တန်ပြန်သူလျှို”ဟာ အရေးကြီးဆုံးပဲ။

တန်ပြန်သူလျှိုဆီကသာ ရန်သူရဲ့အတွင်းသတင်းကို တိကျစွာရနိုင်တယ်။ အဲ့လိုရဖို့က တန်ပြန်သူလျှိုကို အသုံးပြုတဲ့အပေါ်မှာ မူတည်တယ်။ အသုံးပြုတတ်ဖို့ အရေးကြီးတယ်။ ‘ဘယ်လိုအသုံးပြုရမလဲ’ ဆိုတာက တာဝန်ယူသူရဲ့ ကျွမ်းကျင်မှုနဲ့ ပါးနပ်မှုအပေါ်မှာ မူတည်တယ်။ အဲဒီအတွက် ပုံသေနည်းမရှိဘူး။ အသုံးပြုသူရဲ့ ဉာဏ်ရည်ဉာဏ်စွမ်းနဲ့ ပါးနပ်ကျွမ်းကျင်မှုက အခရာပဲ။

ဒီနေ့ကာလမှာ တန်ပြန်သူလျှိုမွေးရတာ အလွယ်ကူဆုံးပဲ။ တခုရှိတာက ရန်သူကလည်း ကိုယ့်ဆီကို အသေခံသူလျှို ဒါမှမဟုတ် အရှင်သူလျှို လွှတ်ထားမယ်ဆိုတာကိုတော့ မမေ့မလျော့ နှလုံးသွင်းပြီး သတိကြီးကြီးနဲ့ ကြည့်တတ်ရမယ်။ ကြည့်နေရမယ်။

(ကြုံလို့ပြောရဦးမယ်။ အရင်တချိန်က သခင်သန်းထွန်းကို လုပ်ကြံဖို့ ‘ငမြ’ဆိုတဲ့ စစ်သားတယောက်ကို ဗိုလ်နေဝင်းတပည့် မျက်မှန်တင်ဦးဆိုတဲ့ ထောက်လှမ်းရေးက အသုံးချခဲ့ဖူးတယ်။ အဲ့ဒီ ငမြဟာ တကယ်တော့ အသေသူလျှိုအဖြစ် အသုံးချခဲ့တာ။ သခင်သန်းထွန်းကို လုပ်ကြံပြီး တပ်ကိုပြန်လာတော့ အရှင်သူလျှိုလို့ ထင်စရာရှိတယ်။ မဟုတ်ဘူး နောက်မကြာဘူး ကရင်လက်နက်ကိုင်အဖွဲ့ဆီ ထပ်လွှတ်လိုက်တော့မှ ကရင်က အဆုံးစီရင်လိုက်ရတဲ့ ဖြစ်ရပ်တွေရှိခဲ့ဖူးတယ်။)

ဆောင်းပါး

ဒီနေ့ကာလမှာ CDM လုပ်လာတဲ့ စစ်တပ်နဲ့ ရဲတပ်ဖွဲ့က လူတွေရှိတယ်။ သူတို့ဆီကနေ အသေနဲ့ အရှင် သူလျှိုအဖြစ် ရောက်လာတဲ့သူတွေ ရှိကောင်းရှိနိုင်သလို သူတို့ထံကနေ ကိုယ်ကလည်း ရန်သူဆီမှာ အတွင်းသူလျှို ထည့်ဖို့ ပြန်လည်အသုံးချနိုင်တယ်။ တန်ပြန်သူလျှိုအဖြစ် အသုံးပြုနိုင်တယ်။ ရန်သူ့သူလျှိုဆိုတိုင်း အဆုံးစီရင် ကြရတာ မဟုတ်ဘူး။ ပြန်အသုံးချနိုင်ဖို့ပဲ လိုတယ်။

တန်ပြန်သူလျှိုကို အသုံးပြုရာမှာ ကိုယ်အသုံးပြုထားတဲ့ တန်ပြန်သူလျှိုကိုလည်း အမြဲစောင့်ကြည့်ပြီး တန်ပြန်(Counter)လိုက်နေရမယ်။ ဒီတော့ တန်ပြန်သူလျှိုကို အခြားသူတွေထက် ထူးထူးကဲကဲ အကျိုးခံစားမှု ပေးကိုပေးကြရတယ်။ ထူးကဲအကျိုးခံစားခွင့်ပေးပြီး မွေးမြူကြရတယ်။

ရန်သူသတင်းကို တိကျသေချာစွာသိဖို့ ရရှိဖို့ သော့ချက်အကျဆုံးက တန်ပြန်သူလျှိုကို အသုံးပြုရခြင်း ပဲဆိုတာကို စစ်ရေးစစ်ရာကျွမ်းကျင်သူတွေ၊ နိုင်ငံခြားရေးကျွမ်းကျင်သူတွေ အားလုံးသိထားကြတယ်။ ဒါကြောင့် ရန်သူ သူလျှိုကို ရတဲ့နည်းနဲ့ သွေးဆောင်ဖြားယောင်း သိမ်းသွင်းရေးဟာ စစ်ရေးစစ်ရာမှာ အဓိကအကျဆုံး ဖြစ်တယ်။

ဒါကြောင့် ရန်သူက ကိုယ့်အတွင်းထဲ လွှတ်ထားတဲ့သူလျှိုကို သိအောင်၊ မိအောင် ရှာဖွေဖော်ထုတ်ရမယ်။ ရန်သူ့သူလျှိုဟာ ထင်သာမြင်သာတဲ့လူတွေထက် မထင်သာမမြင်သာတဲ့လူတွေထဲက ဖြစ်ဖို့များတယ်။ ကိုယ့် အနီးမှာလည်း ရှိနေတတ်တယ်။ ကိုယ်ရေးအရာရှိတွေရဲ့ အနီးမှာလည်း ရှိနေတတ်တယ်။ အရေးပါတဲ့ လျှို့ဝှက် စည်းထဲမှာလည်း ရှိနေတတ်တယ်။ အဲ့ဒီနေရာတွေနဲ့ အနီးဆုံးမှာလည်း ရှိနေတတ်တယ်။ မြင်အောင်ကြည့်တတ် ဖို့ပဲ လိုတယ်။

ဒါကြောင့် အတွင်းစည်းနဲ့ နီးစပ်သူတွေကိုလည်း Counter ထားပြီး အသေးစိတ် လေ့လာအပ်တယ်။ တန်ပြန်သူလျှိုအကြောင်း ဒီလောက်ပြောနေရတာက စစ်ရေးစစ်ရာတခုလုံးကို ပြောင်းပြန်လန်အောင် လုပ်နိုင် စွမ်းက သူတို့ဆီမှာ ရှိနေလို့ဖြစ်တယ်။ အတွေ့အကြုံနုသေးတဲ့ တော်လှန်ရေးသမားတွေမှာ သတိဆိုတာ ပိုတယ် မရှိလို့ အထပ်ထပ် သတိပေးနေရတာပဲ။

တန်ပြန်သူလျှိုကို ရန်သူဘက်ကလည်း အချိန်မရွေးအသုံးပြုနိုင်တာကိုလည်း မမေ့ပါနဲ့။ ကိုယ့်ဘက်က လည်း အသုံးပြုကြရမယ် ဆိုတာလည်း သတိချပ်ထားဖို့လိုတယ်။

အချုပ်အားဖြင့်ပြောချင်တာက စစ်ရေးစစ်ရာမှာ သူလျှို(၅)မျိုးကို အသုံးပြုပြီဆိုတာနဲ့ Counter ထား ပြီး စောင့်ကြည့်ဖို့လိုတယ်။ ကောင်တာထားရာမှာ သူလျှိုဘယ်နှယောက်ကို ကောင်တာတယောက်ထားမလဲဆို တာ ကိုယ့်တပ်အင်အားနဲ့ ချိန်ညှိပြီး ထားဖို့ပါပဲ။ တရားသေကန့်သတ်ထားတာတော့မရှိပါဘူး။

တကယ်တော့ စစ်ရေးစစ်ရာမှာ တိုက်ခိုက်ရေးတပ်၊ ဆက်သွယ်ရေးတပ်၊ ထောက်ပံ့ရေးတပ်တွေ အကြောင်း အရင်ကလည်းပြောခဲ့ဖူးပြီး။ အဲ့ဒါတွေ ပြည့်စုံပြီဆိုရင် ရရှိတဲ့သတင်းတွေအရ ဗျူဟာတရပ်ကို ရေးဆွဲ အကောင်အထည်ဖော်ကြရတယ်။ စစ်ရေးစစ်ရာမှာ ဗျူဟာဟာ အရေးကြီးသလို နောက်ထပ်အရေး ကြီးဆုံး တချက်ကတော့ “စစ်ရေးစစ်ရာ စီမံခန့်ခွဲမှု”ပဲဖြစ်တယ်။ ဒီအကြောင်းကိုတော့ နောက်တပတ်ဆက်ကြရ အောင်။

နွေဦးတော်လှန်ရေးအောင်ပွဲ မုချ ရ ရမယ်။
ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ တရားသောစစ် အောင်ရမယ်။

● ဘိုးဒေါင်း




ယခင်အပတ်မှအဆက်။

သြဇာအာဏာနဲ့ အသက်မွေးသူတိုင်းရဲ့ အဓိကအားနည်းချက်က သူတို့ရဲ့ အတိတ်ဟောင်းကအနာအဆာတွေဟာ မီးစာစစ်စစ်ဖြစ်နေခြင်းပဲ။ အာဏာရှင်ကို ကိုယ်အားဖြင့် ထိခိုက်အောင် မလုပ်နိုင်ရင်၊ စိတ်ပိုင်းဆိုင်ရာအားဖြင့် ထိခိုက်အောင် လုပ်နိုင်ပါတယ်။ အာဏာကို ဆန့်ကျင်ခြင်းဟာ စိတ်ပိုင်းဆိုင်ရာကို တိုက်ရိုက် တိုက်ခိုက်ခြင်းဖြစ်ပါတယ်။ ခေါင်းမာသူ အာဏာရှင်နဲ့ လူတစုရဲ့ စိတ်ကို ချေမှုန်းဖို့ရာ ခက်ခဲပေမယ့် သူတို့ရဲ့ အဆွယ်အပွားများရဲ့ စိတ်ပိုင်းဆိုင်ရာကိုတော့ လွယ်လွယ်ကူကူပဲ တိုက်ခိုက်နိုင်ပါတယ်။ စိတ်ထောင်းရင် ဘယ်သူမဆို ကိုယ်ကြေပါတယ်။ တော်လှန်ရေးရဲ့ ပထမခြေလှမ်းဟာ ဘုံရန်သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာကို တိုက်ခိုက်ကြရမှာဖြစ်ပါတယ်။ ပထမခြေလှမ်းဆိုပေမယ့် ဆက်လက် လျှောက်လှမ်းသွားကြရမှာ ဖြစ်ပါတယ်။

ဆန့်ကျင်ခြင်း နောက်တမျိုးကတော့ ရှောင်ကြဉ်ခြင်းဖြစ်ပါတယ်။ သြဇာအာဏာကို တည်တံ့အောင် နောက်ကွယ်က ထောက်ပံ့တဲ့နေရာတာတွေ ရှိပါတယ်။ အဓိကကတော့ ငွေရေးကြေးရေး လမ်းကြောင်းကြီး ဖြစ်ပါတယ်။ ရေလမ်းကြောကို ပိတ်လိုက်မှတော့ ရေမစီးနိုင်တော့ဘဲ ရေခပ်တာနဲ့အမျှ ဒုက္ခရောက်မှာပါ။ ဒါကို သိတဲ့ အာဏာရှင်များက သူတို့ အာဏာရလာတာနဲ့ သူတို့ပြိုင်ဘက်တွေရဲ့ လမ်းကြောဟူသမျှကို ပိတ်ပစ်လိုက်တတ်ကြပါတယ်။ ဒါကို ပြည်သူကလည်း တန်ပြန်အားဖြင့် ပိတ်ပင်တတ်ကြဖို့လိုပါတယ်။ စစ်တပ်က အာဏာသိမ်း ရင် စစ်တပ်ရဲ့ ရိက္ခာလမ်းကြောင်းတွေကို ပိတ်ပင်တတ်ဖို့ လိုပါတယ်။

ဉပမာ ဆိုပါစို့ ... စစ်တပ်က သူတို့ဘဏ္ဍာရေးကို ဘဏ်တခုနဲ့ အလုပ်လုပ်တဲ့အခါမှာ အဲဒီ ဘဏ်တွေရဲ့ ဝန်ဆောင်မှုတွေကို အသုံးမပြုခြင်းနဲ့ ဆန့်ကျင်ပါ။ အဆိုပါဘဏ်ရဲ့ အချက်အလက်တွေကို နည်းဗျူဟာကျကျ ဖော်ထုတ်ပြီး တိုက်ခိုက်ပါ။ ဘယ် စီးပွားရေးလုပ်ငန်းမဆို ပိုင်ရှင်တွေရှိပါတယ်။ ပိုင်ရှင်နဲ့ အခရာကျတဲ့ လူကြီးတွေရဲ့ အချက်အလက်တွေနဲ့အတူ တိုက်ခိုက်ခြင်းဟာ အင်မတန်ထိရောက်ပါတယ်။ သူတို့ရဲ့ ရပ်တည်မှုတိုင်းကို ယိမ်းယိုင်အောင် ရှောင်ကြဉ်ပစ်လိုက်ပါ။ အာဏာရှင်တွေနဲ့ပတ်သက်တဲ့ လူမှုအသုံးအဆောင် ပစ္စည်း

တွေကို ဆန့်ကျင်ခြင်း၊ အာဏာရှင်တွေနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေကို ရှောင်ကြဉ်ခြင်း၊ ထိရောက်နိုင်တဲ့ အချက်အလက်တွေ ပြသထုတ်ဖော်ပြီး တိုက်ခိုက်ခြင်းတွေက အာဏာရှင်နဲ့ ၎င်းတို့ရဲ့ ယန္တရားလည်ပတ်မှုကို ခလုတ်ဆူးညှောင့်ဖြစ်စေပါတယ်။ ဘုံရန်သူရဲ့ အချက်အလက်တွေကို ဒီလိုမျိုးဖော်ထုတ်ပြီး ဆန့်ကျင်ခြင်းဟာ တော်လှန်ရေးအတွက် အားဖြစ်စေသလို အချိန်ပေးနိုင်မှုကိုလည်း စွမ်းဆောင်နိုင်ပြီး ဘုံရန်သူရဲ့ လှမ်းနေတဲ့ခြေလှမ်းတွေကို အခက်အခဲတွေ့စေနိုင်ပါတယ်။

နာမည်ဖော်ပြီး ပုဂ္ဂိုလ်ရေး ပုတ်ခတ်ခြင်းက စွပ်စွဲခြင်းသာ ဖြစ်ပါလိမ့်မယ်။ တိကျတဲ့ အချက်အလက်ကို ဖော်ထုတ်ပြီး တိုက်ခိုက်ခြင်းဟာ နာမည်ထုတ် စွပ်စွဲခြင်းထက် ပိုအစွမ်းထက်ပါတယ်။ ဆိုခဲ့သလိုပါပဲ တော်လှန်ရေးရဲ့ အခရာက အချက်အလက် စုဆောင်းနိုင်ခြင်း ဖြစ်ပါတယ်။ ကိုယ်ခန္ဓာချင်း မယှဉ်နိုင်ရင် စိတ်ချင်းယှဉ်ပါ။ ကိုယ်ကို မတိုက်နိုင်ရင် စိတ်ကိုတိုက်ပါ။

(၂) အကြမ်းနည်းအားဖြင့် ဆန့်ကျင်ခြင်း။

ဂျပန်က မြို့လေးတမြို့မှာ မြို့နယ်အုပ်ချုပ်ရေးမှူးတယောက်ဟာ မြို့သားတယောက်အပေါ် ပုဂ္ဂိုလ်ရေးပြဿနာတခုကြောင့် မြို့အစည်းအဝေး ကျင်းပနေချိန်မှာ အမှိုက်ပုံးနဲ့ ပေါက်ခဲ့မိပါတယ်။ ဒေသန္တရ ဥပဒေငြိစွန်းမှုကြောင့်ဖြစ်တာမဟုတ်ဘဲ ပုဂ္ဂိုလ်ရေးသက်သက်နဲ့ အရှက်ခွဲခြင်းဟာ “အာဏာကို အလွဲသုံးစားလုပ်ခြင်း” ဆိုပြီး မြို့သူမြို့သားတွေ နောက်တနေ့မှာ အိမ်ကအမှိုက်တွေကို အဆိုပါ အုပ်ချုပ်ရေးမှူးရဲ့ အိမ်ပတ်ပတ်လည်ကို သွားပစ်ခြင်းနည်းနဲ့ ဆန့်ကျင်ကြပါတယ်။ အုပ်ချုပ်ရေးမှူးက အမှိုက်လာပစ်တဲ့သူတွေ အားလုံးကို ဒေသန္တရဥပဒေနဲ့ ဒဏ်ခတ်ပါတယ်။ ဒါပေမယ့် ဒဏ်ခတ်နေတဲ့ကြားကပဲ တပတ်ကျော်ကြာတဲ့အထိ သူ့အိမ်ပတ်ပတ်လည်မှာ မြို့သူမြို့သားတွေက အမှိုက်ကို သွားသွားပစ်သလို အုပ်ချုပ်ရေးမှူးရဲ့ သားသမီးတွေနဲ့ ကတော်ဖြစ်သူရဲ့ နောက်ကွယ်က အချက်အလက်တွေကို လက်ကမ်းစာစောင်ထုတ်ပြီး တမြို့လုံး ဖြန့်လိုက်ကြပါတယ်။ နောက်ဆုံး အုပ်ချုပ်ရေးမှူးတို့ တမိသားစုလုံး အဲဒီမြို့ကနေ ထွက်ပြေးသွားခဲ့ပါတယ်။ မြို့သူမြို့သားတွေက သူတို့ရဲ့ ဆန့်ကျင်မှုကို မရပ်ခဲ့ပါဘူး။ အုပ်ချုပ်ရေးမှူးအိမ်ကို အမှိုက်တွေ ဆက်ပြီးပစ်နေခဲ့ပါတယ်။ နောက်အုပ်ချုပ်ရေးမှူးအသစ် ရွေးကောက်ပြီးတော့မှ ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုတွေနဲ့ အမှိုက်ပစ်မှုတွေကို ရပ်ခဲ့ကြတာပါ။

ဒါဟာ ထိရောက်တဲ့ အကြမ်းဖက်နည်း ဖြစ်ပါတယ်။ ကိုယ်မလိုလားတဲ့သူကို တံတွေးထွေးပြတာ၊ ကျောခိုင်းပြတာကအစ ကိုယ်အမူအရာ၊ နှုတ်အမူအရာနဲ့ ကြိမ်းမောင်းပြခြင်းတွေကလည်း ဆန့်ကျင်ခြင်းတွေဖြစ်ပါတယ်။ တော်လှန်ရေးဟာ ပန်းတိုင်မရောက်မချင်း တောက်လျှောက် လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

ဒီနေ့ခေတ်ဟာ လူတယောက်ဘဝကိုဖျက်ဆီးဖို့အတွက် အရမ်းလွယ်ကူတဲ့နည်းတွေ စုံလင်နေတဲ့ခေတ်ကြီးဖြစ်ပါတယ်။ လူကို သတ်စရာမလိုဘဲ ဘဝပျက်အောင် ဖျက်ဆီးနိုင်ခြင်းဟာ လုံးဝမကောင်းပါဘူး။ ဒါပေမယ့် သူပုန်သူကန်အနေနဲ့ ဘုံရန်ကို ကာကွယ်ဖို့ရာအတွက် လက်နက်အဖြစ် အသုံးပြုနိုင်ပါတယ်။ လူမှုကွန်ယက်ဟာ အရမ်းကိုအစွမ်းထက်တဲ့ လမ်းကြောင်းကြီးဖြစ်ပါတယ်။ အချက်အလက်တခုကို တစက္ကန့်အတွင်း လူပေါင်းများစွာသိအောင် လုပ်နိုင်ပါတယ်။ ဆန့်ကျင်ခြင်းကို ဒီလမ်းကြောင်းမှာ ကောင်းကောင်း အသုံးချနိုင်ပါတယ်။

ရှေ့တပတ်ဆက်ရန် …။

● မောရိသျှ




အခုဖြစ်ပွားနေဆဲ နွေဦးတော်လှန်ရေးမှာ ကျောင်းသားတွေရဲ့အခန်းကဏ္ဍက ကြီးကြီးမားမား ပါဝင်နေတာကို တွေ့ရတယ်။ ဒါပေမယ့် ဒီလိုတွေ့တယ်ဆိုတာ သေသေချာချာ လေ့လာသုံးသပ်ကြည့်တဲ့သူတွေကပဲ တွေ့နိုင်တာဖြစ်ပါတယ်။ နွေဦးတော်လှန်ရေးကို စိတ်ဝင်စားနေတဲ့ သာမန်ပြည်သူ ဘယ်သူမဆိုအနေနဲ့ကတော့ ကျောင်းသားတွေရဲ့ အခန်းကဏ္ဍကို တခုတ်တရ တွေ့နေမြင်နေရတယ်လို့ ထင်မြင်ယူဆကြမှာ မဟုတ်ကြဘူး။ ဘာဖြစ်လို့လဲဆိုရင် အခုအချိန်ကာလ ဖြစ်ပျက်နေတဲ့ လှုပ်ရှားမှုတွေကြားမှာ ကျောင်းသားတွေဟာ လုံခြုံရေး အခြေအနေအရ အခြားအသွင်မျိုးစုံနဲ့ လှုပ်ရှားနေကြတာကြောင့် တကြောင်း၊ ယခင်လို ကျောင်းသားသမဂ္ဂ အသွင်နဲ့ လှုပ်ရှားလုပ်ဆောင်ဖို့ လွယ်လင့်တကူ လုပ်ခွင့်မရတာကြောင့် တကြောင်းလို့ပဲ ပြောရပါလိမ့်မယ်။

ဒါပေမယ့် လက်ရှိနွေဦးတော်လှန်ရေးမှာ တိုက်ပွဲဝင်သူစုစုပေါင်းရဲ့ ငါးဆယ်ရာနှုန်းလောက်က ကျောင်းသားတွေဖြစ်သလို အသက်စွန့်သွားတဲ့သူတွေအားလုံးရဲ့ ငါးဆယ်ရာခိုင်နှုန်းလောက်ကလည်း ကျောင်းသားတွေ ဖြစ်လို့ပါပဲ။ ထိုနည်းတူစွာ အဖမ်းအဆီးခံနေရတဲ့သူ စုစုပေါင်းရဲ့ ငါးဆယ်ရာခိုင်နှုန်းကလည်း ကျောင်းသားတွေပဲဖြစ်နေသလို လတ်တလော လက်နက်ကိုင်လှုပ်ရှားနေတဲ့ PDF လို့ခေါ်တဲ့အစုအဖွဲ့ပေါင်းစုံရဲ့ အဖွဲ့ဝင်ထက်ဝက်ကျော်ဟာလည်း ကျောင်းသားတွေပဲဖြစ်နေတယ်လို့ ပြောရပါလိမ့်မယ်။

ဒီလို ကြီးမားတဲ့ အစိတ်အပိုင်းနဲ့ အကျိုးပြုနေတဲ့ ကျောင်းသားတွေကြောင့် လက်ရှိအချိန်ထိ နွေဦးတော်လှန်ရေးဟာ ဆက်ပြီးရှင်သန်တည်တံ့နေတာလို့ ကျနော်တို့ ပြောရပါလိမ့်မယ်။ ဒါကြောင့်လည်း နွေဦးတော်လှန်ရေးနဲ့ ကျောင်းသားလှုပ်ရှားမှုရဲ့ ပကတိအခြေအနေတွေ၊ အဆက်အစပ်တွေ၊ ရှေ့အလားအလာတွေနဲ့ အားနည်းချက်၊ အားသာချက်တွေကို ကျနော်တို့ သုံးသပ်ပြီး ပြည်သူတွေကို အခုလို တင်ပြရခြင်းဖြစ်ပါတယ်။

(၁)သရုပ်ခွဲဆန်းစစ်ခြင်း

ကျောင်းသားလှုပ်ရှားမှုဆိုတာ ကျောင်းသားသမဂ္ဂ အထူးသဖြင့် ဗကသမျာအဖွဲ့ချုပ်ရဲ့ ဦးဆောင်မှုနဲ့ လှုပ်ရှားတက်ကြွပြီး တောင်းဆိုတိုက်ပွဲဝင်တဲ့ နိုင်ငံရေးဖြစ်စဉ်ဖြစ်တယ်။

ဆောင်းပါး

နွေဦးတော်လှန်ရေးကတော့ အာဏာသိမ်းစစ်ကောင်စီကို ဖြုတ်ချနိုင်ရေးအတွက် တပြည်လုံးမှာရှိတဲ့ လူမျိုးပေါင်းစုံ လူတန်းစားပေါင်းစုံ ပြည်သူလူထုက အုံကြွတောင်းဆိုနေကြတဲ့ အရေးတော်ပုံကြီးတရပ်ပဲဖြစ်တယ်။

ဆိုလိုတာက ကျောင်းသားလှုပ်ရှားမှုကြောင့် နွေဦးတော်လှန်ရေး ပေါ်ပေါက်လာခဲ့တာမဟုတ်ဘူး။ နွေဦးတော်လှန်ရေးကို ကျောင်းသားထုချည်းသက်သက် ဦးဆောင်လှုပ်ရှားနေတာ မဟုတ်ဘူး။ သို့သော် နွေဦးတော်လှန်ရေးမှာ ကျောင်းသားသမဂ္ဂတွေက ရှေ့ဆုံးကနေ အင်နဲ့အားနဲ့ ပါဝင်လှုပ်ရှားနေကြတယ်။ သမဂ္ဂအဖွဲ့ဝင်မဖြစ်သေးတဲ့ ကျောင်းသားတွေလည်း ထုနဲ့ထည်နဲ့ ပါဝင်လှုပ်ရှားနေကြတယ်။ နွေဦးတော်လှန်ရေးမှာ ပါဝင်နေတဲ့ အင်အားစုအသီးသီးမှာ ကျောင်းသားတွေဟာ ကြီးမားတဲ့ အစိတ်အပိုင်းတခု ဖြစ်နေတယ်။ အရေးကြီးတဲ့ အင်အားစုကြီးတခုလည်း ဖြစ်နေတယ်။ ဒါပေမယ့် အဆုံးအဖြတ်ပေးနိုင်တဲ့ အစိတ်အပိုင်းတခုတော့ မဟုတ်ဘူး။ ဆိုလိုတာက နွေဦးတော်လှန်ရေး အောင်မြင်ခြင်း ရှုံးနိမ့်ခြင်းဆိုတာကို ကျောင်းသားထုတခုတည်းက ဆုံးဖြတ်ပေးလို့မရဘူးလို့ ပြောချင်ပါတယ်။

(၂) ပကတိအခြေအနေ

နွေဦးတော်လှန်ရေးမှာ ကျောင်းသားထုပါဝင်လှုပ်ရှားမှုဟာ အဆင့်(၈)ဆင့်ရှိပါတယ်။

(၁) စစ်အာဏာသိမ်းမှုကန့်ကွက်ချီတက်တဲ့အဆင့်
(၂) သပိတ်ကော်မတီများဖွဲ့စည်းတဲ့အဆင့်
(၃) စစ်ကောင်စီပစ်ခတ်သတ်ဖြတ်တဲ့ကာလမှာ အသက်စတေးတိုက်ပွဲဝင်တဲ့အဆင့်
(၄) စစ်ကောင်စီရဲ့ တပ်နဲ့ရဲများကိုDefense Line များ ပြုလုပ်ပြီး ခုခံကာကွယ်တဲ့အဆင့်
(၅) တိုင်းရင်းသားလက်နက်ကိုင်များရဲ့ လွတ်မြောက်ဒေသများကိုသွားပြီး စစ်ပညာသင်ယူတဲ့အဆင့်
(၆) လမ်းပေါ်ပြောက်ကျားသပိတ်နဲ့ မြေအောက်စာစောင်များ ဖြန့်ချီတိုက်ပွဲဝင်တဲ့အဆင့်
(၇) CDM လှုပ်ရှားမှုမှာပါဝင်ပြီး ကျောင်းမတက်ရေးသပိတ်ကို ဆက်ဆင်နွှဲနေတဲ့အဆင့်
(၈) စစ်ပညာတတ်လာပြီးနောက်ပိုင်း မြို့ပြပြောက်ကျား လက်နက်ကိုင်လှုပ်ရှားမှုများ လုပ်ဆောင်နေတဲ့ အဆင့် ... ။

အထက်ပါ အဆင့်တိုင်းမှာ ကျောင်းသားတွေဟာ သူတို့ချည်းသက်သက် လုပ်နေကြတာတော့ မဟုတ်ပါဘူး။ အခြားအင်အားစုတွေဖြစ်တဲ့ ဆရာဝန်၊ သူနာပြု၊ ကျောင်းဆရာ ဆရာမ၊ အင်ဂျင်နီယာ၊ အလုပ်သမား၊ ဝန်ထမ်း၊ နိုင်ငံရေးသမားနဲ့ အနုပညာရှင်တွေနဲ့ အတူယှဉ်တွဲပြီး တိုက်ပွဲဝင်နေကြတာကို တွေ့ရပါတယ်။

ဒီတိုက်ပွဲအဆင့်တိုင်းမှာ များပြားလှတဲ့ ကျောင်းသားတွေ အဖမ်းခံရ၊ အနှိပ်စက်ခံရ၊ အသတ်ခံရတာတွေအများကြီးရှိနေပါတယ်။ အဆင့်တိုင်းမှာ ထိရောက်မှု အနည်းနဲ့အများရှိနေပေမယ့် ခေါင်းဆောင်မှုနေရာမှာ ကျောင်းသားက မရယူနိုင်ရင် ထိရောက်မှုနည်းတယ်လို့ ဝေဖန်သုံးသပ်ရလိမ့်မယ်။ နိုင်ငံရေးခေါင်းဆောင်မှုကို ကျောင်းသားထုက အပြည့်အဝယူရမယ်လို့ ဆိုလိုတာမဟုတ်ဘူး။ စုပေါင်းခေါင်းဆောင်မှုအရ ကျောင်းသားရဲ့ အခန်းကဏ္ဍကိုလည်း နိုင်ငံရေးအရ အသိအမှတ်ပြုဖို့လိုအပ်တယ်။ကျောင်းသားထုတရပ်လုံး အခု ထက်ပိုပြီး အားကောင်းခိုင်မာစွာ တော်လှန်နိုင်ဖို့ဆိုရင် ပကတိနိုင်ငံရေးအခြေအနေအရ ကျောင်းသားထုကိုယ် စားပြုတဲ့ နိုင်ငံရေးခေါင်းဆောင်တွေကို နေရာပေးဖို့ လိုပါလိမ့်မယ်။ အဲဒီလို ဦးဆောင်နိုင်တဲ့အရည်အချင်းလည်း ကျောင်းသားတွေဘက်မှာရှိဖို့လိုတယ်။ ဦးဆောင်နိုင်စွမ်းကင်းမဲ့ရင် အခွင့်အရေးရလည်း အချည်းနှီးဖြစ်မယ်လို့ ထောက်ပြလိုပါတယ်။

(၃) ရှေ့အလားအလာများ

နွေဦးတော်လှန်ရေးနဲ့ ကျောင်းသားလှုပ်ရှားမှုဟာ အလားအလာ ၃ ရပ်ရှိတယ်လို့ မြင်ပါတယ်။

ပထမအလားအလာကတော့ NUG အစိုးရရဲ့ PDF အစီအစဉ်မှာ ကျောင်းသားထု ဘယ်လို စနစ်တကျ ပေါင်းစပ်ပါဝင်နိုင်မလဲဆိုတာနဲ့ ဆိုင်မယ်။ NUG အနေနဲ့ ကျောင်းသားထုရဲ့အားကို တစုံတရာ လေးစားအသိအမှတ်ပြုပြီး ကျောင်းသားတွေကို လက်နက်ကိုင်တိုက်ပွဲအတွက် စနစ်တကျ စည်းရုံးစုဖွဲ့မှုပေးဖို့ လိုပါလိမ့်မယ်။ လက်နက်ကိုင်တော်လှန်ရေးလုပ်ချင်တဲ့ ကျောင်းသားတွေကို ပညာရေးဝန်ကြီး ဒေါက်တာဇော်ဝေစိုးနဲ့ Zoom Meeting တွေ ဟန်ပြလုပ်ပေးရုံလောက်နဲ့ ဘာမှထိရောက်မှုမရှိဘူးလို့ ယူဆပါတယ်။ ခုတ်ရာတခြား ရှရာတလွဲ လုပ်တာတွေ အမြန်ဆုံး ပြန်သုံးသပ်သင့်ပြီ။

ဒုတိယအလားအလာကတော့ ကျောင်းသားတွေဟာ NUG အောက်မှာမဟုတ်ဘဲ နီးစပ်ရာ ကိုယ့်အစုအဖွဲ့နဲ့ ပေါင်းစပ်ကြလိမ့်မယ်။ ဒီနည်းလမ်းကိုရွေးရင်တော့ တော်လှန်ရေးဟာ အားကောင်းဖို့ ခဲယဉ်းလိမ့်မယ်။ Anarchism ဆန်တဲ့ လက်နက်ကိုင်လုပ်ကြံသတ်ဖြတ်မှုတွေ၊ တကိုယ်တော် သူရဲကောင်းဝါဒလုပ်ရပ်တွေနဲ့ လုံးထွေးရစ်ပတ်ပြီး တော်လှန်ရေးအား ကျဆင်းလာလိမ့်မယ်။ အချိန်ကြာလာတာနဲ့အမျှ ရန်သူဖြိုခွဲလို့ ကိုယ့်အင်အားတွေ ပြုန်းတီးသွားလိမ့်မယ်။

တတိယအလားအလာကတော့ NUG လည်းမဟုတ် NLD လည်းမဟုတ်တဲ့ နောက်ထပ် နိုင်ငံရေးခေါင်းဆောင်မှုအသစ် ထွက်ပေါ်လာတဲ့အခါ ကျောင်းသားထုကို စနစ်တကျစုစည်းမိပြီး တော်လှန်ရေးလုပ်ဆောင်လိမ့်မယ်။ NUG လို ကြားကာလအစိုးရလည်းမဟုတ်၊ NLD လို လက်တွေ့ဦးဆောင်မှုမပေးနိုင်တဲ့ပါတီလည်းမဟုတ်တဲ့ တော်လှန်ရေးတပ်ဦးတခုက နွေဦးတော်လှန်ရေးကို ဆက်လက်ဦးဆောင်လုပ်ကိုင်ဖို့ လိုအပ်နေပါပြီ။ ကျောင်းသားတွေဟာ အဆိုပါ တပ်ပေါင်းစုထဲမှာ အခန်းကဏ္ဍတခုအဖြစ် ပါဝင်လာရမှာဖြစ်သလို စုပေါင်းခေါင်းဆောင်မှုလည်း လုပ်ခွင့်ရရှိလာမှာဖြစ်ပါတယ်။

(၄) နိဂုံးချုပ်ချက်

နွေဦးတော်လှန်ရေးရဲ့ ရှေ့တူရူချက်ဟာ မင်းအောင်လှိုင်စစ်အုပ်စုကို လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်တဲ့ လမ်းကြောင်းပေါ် ဦးတည်သွားနေပြီးဖြစ်ပါတယ်။

လူထုဟာ လမ်းဆုံလမ်းခွမှာ တွေဝေနေတဲ့ လူထုမဟုတ်တော့ဘူး။ ကိုယ်သွားရမယ့်လမ်းကို ပြတ်ပြတ်သားသား ရွေးချယ်ပြီးပြီဖြစ်တယ်။

ဒီလိုလူထုကို ခေါင်းဆောင်လမ်းပြပြီး ချီတက်ဖို့ ကျောင်းသားမှာလည်း တာဝန်ရှိတယ်။ ဒါပေမယ့် ဒီတာဝန်ကို ကျောင်းသားထုတရပ်တည်းက ယူလို့မရဘူး။

နွေဦးတော်လှန်ရေးကို ဦးဆောင်တဲ့ နိုင်ငံရေးခေါင်းဆောင်မှုအပိုင်းမှာ အလုပ်သမား၊ လယ်သမား၊ မြို့နေဆင်းရဲသား၊ ပညာတတ်လူတန်းစား၊ အမျိုးသားစီးပွားရေးလုပ်ငန်းရှင်၊ တိုင်းရင်းသားလက်နက်ကိုင်တပ်တွေနဲ့အတူ ကျောင်းသားတွေလည်း ကျရာတာဝန်ယူပြီး တော်လှန်ရေးလုပ်ရမယ်။

သတိပြုဆင်ခြင်စရာက ကျောင်းသားချည်းသက်သက်လှုပ်ရှားဖို့ ဘယ်တော့မှမစဉ်းစားမိဖို့နဲ့ ဒီတော်လှန်ရေးကြီးတခုလုံးကို ကျောင်းသားက ဦးဆောင်မှုယူရမယ်လို့ ဘယ်တော့မှ အတွေးမမှားမိဖို့ပဲ ဖြစ်ပါတယ်။

● ကျော်ကိုကို

# တွေ့ဆုံဆွေးနွေးရေးပြဿနာ




ပြည်သူကို ကျောခိုင်း၊ မိတ်ဆွေတွေကို လမ်းခွဲ၊ လူထုတိုက်ပွဲကို သွေဖည်တဲ့အခါ ပြည်သူရဲ့ဒဏ်ခတ်မှုနဲ့ သမိုင်းကပေးတဲ့အ ပြစ်ကို ယုတ္တိနည်းကျ ရပါလိမ့် မယ်။ ကြောင်ကြာကြာ ရေမငုပ်နိုင်သလို အဲသည့် ရပ်တည်ချက်မျိုးဟာ တစ်မွန်းတည့်ထက် ရေပန်းပို မစား နိုင်ပါဘူး။

ဒီတော့ "စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေးအတွက် ဆွေးနွေးပါ။ ၂၀၀၈ခြေ/ဥဖျက်သိမ်းရေးအတွက် ဆွေးနွေးပါ။ ဖက်ဒရယ်ဒီမိုက ရေစီပြည်ထောင်စုကို အာမခံနိုင်ရေးဘက်က ဆွေးနွေးပါ။ မတရားဖမ်းဆီးသတ်ခံရသူတွေကိစ္စ ချက်ချင်းခြွင်းချက်မရှိ ဖြေရှင်းပေးရေးဘက်က ဆွေးနွေး ပါ" လို့တိုက်တွင်းချင်တယ်။

–ကိုဘာ

အခု အသံတွေကျယ်ကျယ်ထွက်လာတဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာ နိုင်ငံရေးအလုပ်များစွာထဲက အလုပ်အမျိုးအစားတခုပါပဲ။ နိုင်ငံရေးအလုပ်ဖြစ်တာမို့ အခြေခံအကျဆုံးက ယုံကြည်မှုနဲ့ ရပ်တည်ချက်ပဲ။

ပါတီတခုက ခေါင်းဆောင်တယောက် အမေး–အဖြေလုပ်တာ ကြားဖူးခဲ့တယ်။ "လာမယ့် ၁ နှစ်အတွင်း၊ နောက်ပြီး လာမယ့် ၅ နှစ်အတွင်း ခင်ဗျားတို့ပါတီအနေနဲ့ ဘာတွေမလုပ်ဘူးလို့ (ရှောင်ရန် … ပေါ့) စဉ်းစားထား ပါသလဲ" ဆိုတော့ "မေးခွန်းကို ကျနော် နားမလည်ဘူး။ နိုင်ငံရေးလုပ်တာ ကိုယ့်ရပ်တည်ချက်၊ ယုံကြည်ချက်အတွက် ဘာမဆိုလုပ်မပေါ့၊ မလုပ်ဘူးလို့ စဉ်းစားထားတဲ့အလုပ် ဘာမှမရှိပါဘူး" တဲ့။

(ရိုက်ထ) နိုင်ငံရေးမှလုပ်ရင် တွေ့ဆုံဆွေးနွေးတာ၊ ဆန္ဒပြသပိတ်မှောက်တာ၊ သံခင်းတမန်ခင်း ဆက်ဆံတာ၊ လက်နက်ကိုင် တိုက်တာ၊ လွှတ်တော်တက် ဥပဒေပြုတာ၊ အစိုးရယန္တရားမှာ တာဝန်ယူတာ …ဘာမဆို ချေး(ဂျီး)များလို့မရ။ ယုံကြည်မှုနဲ့ ရပ်တည်ချက်ကိုသာ မြဲရမှာဖြစ်တယ်။

ဘာကိုယုံသလဲ။ ဘယ်ဘက်က ရပ်မှာလဲ။ ဘယ်သူတွေနဲ့ ရပ်မလဲ။ ဘယ်လို ရပ်မလဲ။

အဲဒါတွေက ဘယ်သူတွေနဲ့ ဘယ်လိုပုံစံတွေ့ကြပြီး ဘယ်အကျိုးရလဒ်အတွက် ဘာအကြောင်းအချက်တွေကို ဆွေးနွေးကြမှာလဲ ဆိုတဲ့ ကိစ္စများကို ပြဋ္ဌာန်းမှာပဲ ဖြစ်တယ်။

ဖက်ဒရယ်နဲ့ ဒီမိုကရေစီကို ယုံရင်၊ လူထုအကျိုးနဲ့ လူထုတိုက်ပွဲဘက်က ရပ်ရင်၊ မိတ်ဆွေတွေနဲ့ တူတူရပ်ရပ်၊ တွေ့ဆုံဆွေးနွေးတဲ့အခါ ပုံသဏ္ဌာန်နဲ့ အလားအလာက တမျိုးဖြစ်မယ်။ ယုံကြည်မှုက တိတိကျကျမရှိ။ ရေပန်းစားမှုနောက် လျှောက်လျှောက်လိုက်မယ်။ ကိုယ်ကျိုးစီးပွားနဲ့ စစ်အုပ်စုအကျိုးစီးပွားအကြားမှာ ဟန်ချက်ညှိဖို့ အားထုတ်မယ်။ မိတ်ဆွေတွေကို ကျောခိုင်းပြီး ရန်သူကို လက်ဆွဲနှုတ်ဆက် ရင်ချင်းအပ်မယ်ဆိုရင် ဆွေးနွေးတဲ့အခါ ဆန့်ကျင်ခြားနားတဲ့ ပုံသဏ္ဌာန်နဲ့ အလားအလာတွေ မုချ ဖြစ်လာမှာပဲ။

ပြည်သူကို ကျောခိုင်း၊ မိတ်ဆွေတွေကို လမ်းခွဲ၊ လူထုတိုက်ပွဲကို သွေဖည်တဲ့အခါ ပြည်သူရဲ့ ဒဏ်ခတ်မှုနဲ့ သမိုင်းကပေးတဲ့အပြစ်ကို ယုတ္တိနည်းကျ ရပါလိမ့်မယ်။ ကြောင် ကြာကြာရေမငုပ်နိုင်သလို အဲသည့် ရပ်တည်ချက်မျိုးဟာ တမွန်းတည့်ထက် ရေပန်းပိုမစားနိုင်ပါဘူး။ ဒီတော့ "စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေးအတွက်ဆွေးနွေးပါ။ ၂၀၀၈ ခြေ/ဥဖျက်သိမ်းရေးအတွက် ဆွေးနွေးပါ။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို အာမခံနိုင်ရေးဘက်က ဆွေးနွေးပါ။ မတရားဖမ်းဆီးသတ်ခံရသူတွေကိစ္စ ချက်ချင်း ခြွင်းချက်မရှိ ဖြေရှင်းပေးရေးဘက်က ဆွေးနွေးပါ"လို့ တိုက်တွန်းချင်တယ်။

● ကိုဘာ

ဆောင်းပါး




သားကြီး … အေးဆေးပဲလား။ သတိရတယ်ကွာ။

ဆန္ဒပြပွဲတွေ စဖြစ်လာပြီးမကြာဘူး။ လှိုင်သာယာကသူတွေ ကားပေါ်ဆောင်းဘောက်တင်ပြီး ဆန္ဒပြပွဲထွက်ကြတာကို ဝိုင်းနှိမ်ချိုးဖွဲ့ပြောကြတော့ "တိုင်းပြည်တခုခုဖြစ်ရင် အရင်ဆုံးခံရတာ အခြေခံလူတန်းစားတွေပဲကို ငါလိုးမ ရေပေါ်ဆီတွေက ဖေးဖေးမမ စာစာနာနာမရှိဘူး … လီးစကားတွေပြောပြီ" ဆိုပြီး မင်းပြောခဲ့ဖူးတာကို သတိရမိတယ်။ အခုထိ တချို့ကောင်တွေ လီးစကားတွေ ပြောနေတုန်းပါပဲကွာ။

Defense တွေပြင်ပြီး ဆန္ဒပြကြတဲ့အချိန်ကျတော့ ငါတို့က မသတ်ရဲပေမဲ့ သေရဲတယ်ဆိုတဲ့ကောင် Defense line မှာ ဒိုင်းကိုင်ပြီး ကာကွယ်ပေးခဲ့တယ်။

မင်းတို့လှိုင်သာယာက ပထမဆုံးပါပဲ။ စစ်ခွေးတွေကို ပြန်ကျွေးခဲ့တာ။ "ငါသေရင် ငါ့နောက်ကကောင်က မင်းကိုခုတ်မယ်"လို့ ကြွေးကြော်ပေးပြီး သေနတ်ကိုင်စစ်ခွေးတွေကို ဓားနဲ့တက်ခုတ်ခဲ့တယ်။ လက်လုပ်ဒိုင်းတွေက ကျည် အစစ်ကို မကာနိုင်တော့ အကျအဆုံးက များသွားခဲ့တယ်။

အဲဒီနေ့က လှိုင်သာယာကိုဖိနေလို့ တခြားနေရာတွေ ထကြွပေးကြပါဆိုလို့ အင်းစိန်ထွေအုပ်ရုံးကြီးကို မီးသွားရှို့ဖို့ ငါတို့ကြိုးစားသေးတယ်။ မိုလိုတော့ဗ် လေးငါးလုံးလောက်နဲ့ပေါ့။ စစ်ခွေးတွေက ရုံးထဲကနေ ကျည်အစစ်နဲ့ပြန်ပစ်တော့ ဆုတ်လာရတာပါပဲ။ မင်းတို့လောက် သွေးမရဲခဲ့ဘူး။ အားနာရတယ်။

အဲဒါပြီးတော့ မင်းနောက်ဆုံးပြောခဲ့တာကတော့ "ငါ တောခိုသွားပြီ။ ရင်ကွဲရတယ်ကွာ။ ကိုယ့်ဘေးက ကောင် ကျည်မှန်တာတောင် ဘာမှလုပ်မပေးနိုင်ခဲ့ဘူး။ အိမ်လည်း နယ်ပြန်ပြေးရတယ်။ အဒေါ်က ဝရမ်းထုတ်ခံထားရတယ်။ ပြန်လာဆော်ဖို့ သင်တန်းတက်ရုံပဲမဟုတ်ဘူး။ တခါတည်း အပြီးဝင်ပြီး အပြတ်ဖြုတ်မယ်။ အရေးတော်ပုံအောင်မှ ပြန်လာမယ်"တဲ့။ ခုဆိုလေးလကျော်ခဲ့ပြီ။

ခုရော ဘယ်လိုလဲ တောထဲမှာ … အေးဆေးပဲလား။ သေနတ်တွေ ဘာတွေ ပစ်နေပြီပေါ့။ "ငါက ချစ်ပဲ ချစ်တတ်တာ၊ စော်နဲ့ပြတ်ရင်တောင် အသည်းမကွဲဘူး" ဆိုတဲ့ကောင် ကိုယ့်ဘေးကရဲဘော် ကျည်မှန်တာမြင်တော့ နာကျည်းမုန်းတီးတတ်ပြီပေါ့။ စောက်သည်းကွဲခဲ့သည်ပေါ့။ မသတ်ရဲဘူးဆိုတဲ့ကောင် ခု သတ်ရဲသွားပြီပေါ့။

သေရဲတယ်ဆိုတာတော့ သိတယ် ငါ့ကောင်။ ဒါပေမဲ့ မသေနဲ့။ မှာစရာကတော့ အဲ့ဒါပဲရှိတယ်။ မသေနဲ့ကွာ။

ရန်ကုန်မှာ ပြန်ဆုံကြတာပေါ့။ အဲ့ကျရင် သပြေပန်းနဲ့မဟုတ်ဘူး ဝေါ် ကီးနဲ့ကြိုမယ်။ အတူတူ ပြဲကြသေးတာပေါ့။ ချစ်ခြင်းမေတ္တာသပ်သပ်နဲ့ ပြန်ရှင်သန်ဖို့အတွက်လည်း ကြိုးစားကြသေးတာပေါ့။

● ချာကိုး (Charcoal)

အက်ဆေး




မမမော်လီ ဘာကိုမှမပြောချင်လို့ မပြောဘဲနေနေတာ မဟုတ်ပါဘူး။ ပြောချင်တာတွေကလည်း များလိုက်တာဆိုတာ …။ ကံကောင်းလို့ရယ်၊ တော်လှန်ရေးကြီး မပြီးသေးဘူးဆိုပြီး အားတင်းထားလို့ရယ်သာ ခုဒီစာကိုဖတ်နေတဲ့ မိုလိုတော့ဗ်ရဲ့ စာဖတ်သူတွေနဲ့ ပြန်ဆုံရတာ။

မမမော်လီလည်းWonder Woman မှ မဟုတ်တာ။ စီမံအုပ်ချုပ်ရေးအဖွဲ့ဆိုပြီး စွဲတလောက် စောက်တလွဲ သောက်ကျိုးနည်း စီမံခန့်ခွဲမှုကောင်းတဲ့ မင်းအောင်လှိုင်တို့ ဖက်ဆစ်စစ်တပ်ကောင်းမှုကြောင့် မမမော်လီလည်း ကိုဗစ်လှိုင်းလုံးကို ကြုံကြုံခံပြီး ဖြတ်ကျော်ခဲ့ရပါတယ်။

ဒါကြောင့်မို့ ဒီတပတ်တော့ ၂ မျက်နှာပေးပါလို့ စာတည်းအဖွဲ့ကို တောင်းတောင်းပန်ပန်နဲ့ အခုလို ပြောခွင့်တောင်းထားတာပါ။

ရွှေပြည်ကြီးက ပြည်သူပြည်သားတို့ရေ …

သိပ်ကိုမှ နာကျည်းစိတ်ပျက်စရာကောင်းတဲ့ နေ့ရက်တွေပါပဲ။ ချစ်ခင်ရသူတွေ၊ တွယ်တာရသူတွေကို လက်မလွှတ်ချင်ဘဲ လက်လွှတ်ရ၊ နှုတ်မဆက်ချင်ဘဲ နှုတ်ဆက်ရတဲ့အကြောင်းတွေကိုတော့ ထွေထွေထူးထူး ဝမ်းနည်း ပြမနေတော့ပါဘူး။

အခု ဒီစာကို ဖတ်နေတဲ့သူအတွက် ဂုဏ်ယူပါတယ်။ ပြည်သူတွေ သေကုန်လည်း ငါတို့ပဲ အုပ်ချုပ်မဟဲ့ဆိုတဲ့ ဖက်ဆစ်ဘီလူး မိစ္ဆာရူးတွေကို မသေခြင်းနဲ့ တော်လှန်နေကြလို့ပါ။ မမမော်လီတို့ နေ့တွေညတွေဟာ ဇန်နဝါရီ ၃၁ ရက်ရဲ့ ညသန်းခေါင် ၁၂ တီးပြီးတာနဲ့ အနိုင်ကျင့်ဗိုလ်ကျ ယုတ်မာခံနေကြရတာ စက္ကန့်တိုင်း မိနစ်တိုင်းပါပဲ။

မမမော်လီ ပြောပါပြီ။

အမှန်တရားကို ရှာမရတဲ့ အမှောင်ခေတ်ကို ရောက်မှာကလွဲပြီး ဘာကိုမှ မကြောက်ကြတဲ့ ရွှေပြည်ကြီးက ဦးဦး ဒေါ်ဒေါ်၊ ကိုကို မမ၊ ညီ ညီမများအားလုံးကို မမမော်လီလည်း သေမင်းနဲ့ လွန်ဆွဲပြီး နိုင်ပွဲရလာတဲ့

ဆောင်းပါး

အတွေ့အကြုံတွေကို ပြန်ပြောပြချင်လို့ပါ။

ကိုဗစ်ဟာ ကြောက်ဖို့ကောင်းတာ မှန်ပါတယ်။ ဘာကိုမှ မကြောက်ဘူးလို့ ဖေဖော်ဝါရီ ၁ ကတည်းက ဆုံးဖြတ်ထားကြတဲ့ မမမော်လီတို့ အားလုံးအတွက်တော့ ကိုဗစ်ဟာ ဖြဲခြောက်လို့ပဲ ရပါတယ်။ ကိုယ်ခံအားနည်းတဲ့ လူကြီးသူမတွေနဲ့ စစ်ကောင်စီက အောက်ဆီဂျင်ကို ခိုးထားလို့ အောက်ဆီဂျင် အချိန်မီ မရနိုင်တာကြောင့် တိမ်းပါးသွားရသူတွေအတွက်တော့ တကယ် စိတ်မကောင်းနာကျည်းစရာပါပဲ။

မမမော်လီ ပြောချင်တာကတော့ သန်းခေါင်ထက်လည်း ညဥ့်မနက်တော့ပါဘူးနော်။ ကိုဗစ်တကယ်ဖြစ်တဲ့အခါ စဉ်းစားမိတာက ငါ အရှုံးပေးလိုက်မှာလား၊ အနိုင်တိုက်မှာလား ဆိုတာပါပဲ။ မမမော်လီ ပြန်စဉ်းစားတယ်။ ၂၀၂၀ မတ်လကတည်းက ဒုက္ခပေးလာတဲ့ ကိုဗစ်ကြောင့် ချစ်ရတဲ့သူတွေနဲ့ အရင်လို နီးနီးစပ်စပ် မနေရတဲ့အကြောင်းတွေ၊ ရက်စက်ယုတ်မာတဲ့ ဖက်ဆစ်စစ်တပ်ကြောင့် ရှင်ကွဲကော သေကွဲပါကွဲခဲ့ရတဲ့ မိသားစုတွေ၊ လွမ်းရတဲ့ မိတ်ဆွေသူငယ်ချင်းတွေကို မြင်ယောင်လာပြီး မမမော်လီ အားတင်းတယ်။

"ငါ ဘာလို့သေရမှာလဲ"ပေါ့။ ရန်သူဟာ မမမော်လီတို့ သေတာကို လိုချင်တာပါ။ သေဆုံးသွားတဲ့ အလောင်းတွေကိုကြည့်ပြီး ဖန်ခွက်ချင်းတိုက် ဟားတိုက်ရယ်နေကြမယ့် မိစ္ဆာတွေကို မြင်ယောင်ပြီး ရွံရှာမုန်းတီးရင်းအား တင်းတယ်။

"ငါ မသေဘူး။ ငါ့မိတ်ဆွေတွေနဲ့ ပြန်ဆုံမယ်။ နေဝင်ညကို ဖြတ်သန်းမယ်၊ ရောင်နီလာမယ့် အချိန်မှာ ငါတို့ အောင်ပွဲခံမယ်။"

မမမော်လီ ဒီလိုတွေးပြီး အားတင်းရင်း ဖြတ်သန်းပါတယ်။ ဒီဂြိုလ်ပြာကြီးပေါ်မှာ လူသားတွေက စွမ်းအားအရှိဆုံး သတ္တဝါတွေပါပဲ။

ဒါကြောင့် မမမော်လီနဲ့ ရွယ်တူ သူငယ်ချင်းတွေရော၊ မောင်လေး၊ ညီမလေးတွေကိုရော မမမော်လီပြောပြချင်တာက ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ။ မိဘ၊ ဦးလေး၊ ဘိုးဘွားတွေကို ပိုပြီး ဂရုစိုက်ပါ။ အချင်းချင်း အားပေးပါ။ စိတ်ရောကိုယ်ပါ နူးညံ့စွာနဲ့ မေတ္တာကို ရှေ့ထားပြီး ဒေါသမသင့်အောင် ချော့မော့ပြီး အစာလည်းကျွေး၊ ဆေးလည်း ပေးကြပါ။

လွယ်လွယ်နဲ့ အရှုံးမပေးပါနဲ့။

မမမော်လီပြောပါပြီ။

ကိုနေဝင်းရဲ့ စာသားလေးအတိုင်းပါပဲ။

"ဘယ်အမှောင် ဘယ်လိုမှောင်လဲ

တနေ့တော့ လင်းရမယ်

စိတ်မလျှော့နဲ့လေ

အားလုံးကို ကျော်ဖြတ်ရမယ်။"

ကိုယ်စိတ်နှလုံး သုံးပါးစလုံး အားတင်းရှေ့ဆက်ရင်း အခက်အခဲတွေကို ဖြတ်ကျော်ရင်း ကျော်ဖြတ်ကြရမှာပါ။ တယောက်တည်းတော့ မဟုတ်ဘူး။ မမမော်လီတို့ အားလုံး အတူတူကျော်ဖြတ်ရမှာပါ။ ၆ လတာကိုတောင် ကြံ့ကြံ့ခံပြီးပြီပဲ။ အောင်ပွဲဟာ လက်တကမ်းမှာ မဟုတ်ရင်လည်း အဆုံးထိ ဖြတ်သန်းရမယ်နော်။ မမမော်လီ အားလုံးကို ယုံတယ်။

အားလုံးကို ကျော်ဖြတ်ကြမယ်။

● မမမော်လီ

# တပတ်အတွင်း သတင်းကောက်နုတ်ချက်

## အင်းစိန်ထောင်တွင်း အကျဉ်းသားများဆန္ဒပြ

ဇူလိုင်လ ၂၃ရက်မနက် ၉နာရီဝန်းကျင်က အင်းစိန်ထောင်တွင်းကြွေးကြော်သံများကို ထောင်ပြင်ပကနေကြားခဲ့ရပါတယ်။ အဲဒီနောက်မှတော့ စစ်ကားများထောင်တွင်းကိုဝင်သွားတာတွေ့ခဲ့ရပြီး အသေအပျောက်ရှိတယ်လို့လည်း တချို့မီဒီယာတွေမှာ ဖော်ပြခဲ့ပါတယ်။ သေဆုံးသတင်းဟာ တိကျခိုင်လုံခြင်းမရှိပေမယ့် ထောင်တွင်းတိုက် ပွဲဦးဆောင်သူတွေကို တိုက်ပိတ်ခဲ့တယ်လို့ ထောင်ဝန်ထမ်း တချို့က ပြောပါတယ်။

အဲဒီနေ့မှာပဲ မန္တလေးက အိုးဘိုထောင်နဲ့တခြားနယ်ထောင်များမှာလည်း အလားတူ ထောင်တွင်း ဆန္ဒပြပွဲတွေဖြစ်ခဲ့တယ်လို့သိရပါတယ်။

## တရက်တည်းလူ ၃၀၀၀ သဂြိုဟ်နိုင်သည့် မီးသဂြိုဟ်စက် စစ်ကောင်စီတည်ဆောက်

ရန်ကုန်တိုင်းရှိ သုသာန်များတွင် တရက်လျှင် သေဆုံးသူ ၃၀၀၀ ကျော်အထိ သဂြိုဟ်နိုင်မည့် မီးဖို ၁၀ လုံးကို တပြိုင်တည်း တည်ဆောက်နေကြောင်း MRTV သတင်းက ကြေညာခဲ့သည်။ ရေဝေးသုသာန်တွင် ငါးပေါက်တွဲ နှစ်တွဲပါ မီးဖို ၅ လုံး အသစ် တည်ဆောက်နေပြီး ပြီးစီးပါက လူ ၅၀ ကို ၁ နာရီအတွင်း တပြိုင်တည်း မီးသဂြိုဟ် နိုင်ကြောင်းနှင့် ရေဝေးတွင်ပင် တရက်လျှင် သေဆုံးသူ ၁၀၀၀ ကျော်အထိ သဂြိုဟ်နိုင်မည်ဖြစ်ကြောင်းဖော်ပြခဲ့သည်။ ထိုသို့တည်ဆောက်ပြီးစီးပါက တနေ့လျှင် သေဆုံးသူ ၃၀၀၀ ကျော် မီးသဂြိုဟ်နိုင်မည်ဖြစ်ကြောင်း စစ်ကောင်စီက ထုတ်ပြန်ထားသည်။

ကိုဗစ် တတိယလှိုင်း ၂ လတာ ကာလအတွင်း ကိုဗစ်ကြောင့် သေဆုံးသူ ၄၆၂၉ ဦး ရှိကြောင်း စကစ၏ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ထုတ်ပြန်ထားသည်။ လက်တွေ့တွင် ကိုဗစ်ကူးစက်သေဆုံးနှုန်းဟာ အဆိုပါ အချက်အလက်များထက် များစွာပိုနေနိုင်ကြောင်း ကျန်းမာရေးပညာရှင်များနှင့် ပရဟိတအဖွဲ့များက ပြောဆိုထားသည်။

## "ကပ်ကိုလည်း အတူကျော်၊ တပ်ကိုလည်း အတူဆော်။" ကမ်ပိန်းကို အထွေထွေသပိတ်ကော်မတီ - GSC စတင်

'ကပ်ကိုလည်း အတူကျော်၊ တပ်ကိုလည်း အတူဆော်။' ကမ်ပိန်းကို အထွေထွေသပိတ် ကော်မတီ (GSC) က စတင်လိုက်ပါတယ်။ ယနေ့ကာလ ပြည်သူမှာ ရောဂါကပ်ဘေးကိုလည်း ကြုံနေရသလို ရောဂါကပ်ဘေးကိုအကြောင်းပြုပြီး ပြည်သူလူထုကို ပိုမိုဖိနှိပ်ချုပ်ခြယ်နေသော အာဏာသိမ်း စစ်ကောင်စီကိုလည်း ပြည်သူလူထုမှာ ရင်ဆိုင်နေရ တာကြောင့် ပြည်သူကိုကူညီရင်း ဖက်စစ်စစ်တပ်ကို အမြစ်ဖြတ်ရမှာမို့ ယခုကမ်ပိန်းကို စခဲ့တာလို့လည်း သိရပါတယ်။ ယခုလို အဆင်မပြေဖြစ်နေရတာတွေနဲ့ အောက်ဆီဂျင်မရတာကြောင့် လူတွေသေကြေနေရတာဟာ အာဏာသိမ်းစစ်ကောင်စီရဲ့ တရားမဲ့လုပ်ရပ်များကြောင့်သာဖြစ်ပါတယ်လို့လည်း ဆိုထားပါတယ်။ ဒါ့ကြောင့် ကမ်ပိန်းကို စတင်လိုက် တာဖြစ်ကြောင်း၊ အကိုက်အခဲပျောက်ဆေးတောင် ဝယ်မသောက်နိုင်တဲ့ ပြည်သူများဆီကို အရောက်သွားပြီး ပြည်သူများရဲ့ အလှူငွေနဲ့ပဲ အဲ့ဒီပြည်သူတွေကို ဆေးဝါးနဲ့ အစားအသောက်ဝေငှကြမည်ဖြစ်ကြောင်း၊ ဖက်ဆစ်စစ် တပ်ကိုရရာနည်းနဲ့ အမြစ်ပြတ်ချေမှုန်းကြမည်။ လမ်းပေါ် ပြောက်ကျားသပိတ်အပြင် ရရင်ရသလို ရရာနည်းနဲ့ တော်လှန်ပုန်ကန်ကြမည်ဖြစ်ကြောင်း၊ ဒီကမ်ပိန်းကို ၄င်းတို့ အထွေထွေသပိတ်ကော်မတီ - GSC က စတင်လိုက်သည်ဆိုသော်လည်း အခြားသော စစ်အာဏာရှင် ဆန့်ကျင်ရေးအဖွဲ့အစည်းပေါင်းစုံ အင်အားစုပေါင်းစုံကလည်း လွတ်လွတ်လပ်လပ် ဆက်လက်သယ်ဆောင်ကြဖို့ နှိုးဆော်ထားတာကို ၄င်းတို့ ဖေ့စ်ဘုခ်စာမျက်နှာမှာ ဖော်ပြထားပါတယ်။

# တပတ်အတွင်း သာရေးသတင်းများ

## အသုဘစက်ဝိုင်း




**တိုက်ပွဲဖြစ်ပွားခဲ့သည့်နယ်မြေများ**

- စစ်ကိုင်းတိုင်း (ကလေးမြို့ ကသာမြို့နယ်၊ မင်းကင်းမြို့နယ် တောင်ဖြူရွာ၊ ယင်းမာပင်ခရိုင်)
- ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့
- စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့
- လွိုင်ကော်မြို့၊ကယန်းသာယာကျေးရွာနဲ့ ကျောက်ကုန်းကျေးရွာအနီး
- သထုံခရိုင် (တပ်မဟာ – ၁) ကျုံမသွယ်ကျေးနယ်၊ ဝတ်ကြီးကျေးရွာ
- မကွေးတိုင်း ဂန့်ဂေါ – ထီးလင်း

**မီးပေါက်ကွဲခဲ့သည့် စကာစနှင့်ပတ်သက်ရုံးများ**

- စစ်ကိုင်းတိုင်း ရွှေဘိုမြို့ (မြဝတီဘဏ်)
- ပဲခူးမြို့ ကျောက်ကြီးစု (အုပ်ချုပ်ရေးမှူးရုံး)

**ဒလန်အမျိုးအစား**

- အုပ်ချုပ်ရေးမှူး(၉)၊ ကြံ့ဖွံ့တ် (၂)၊ မဘသ (၁)၊ ပျူစောထီး (၂)

**ဒလန်ရှင်းနယ်မြေများ**

(စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ ကမ်းဖြူအုပ်စု၊ ရေလည်မော်ကျေးရွာ)၊(မန္တလေးတိုင်း မိုးကုတ်)၊(စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့ နယ်၊ ကန်ကလေးကုန်းကျေးရွာ)၊ (စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့ အဝေးပြေး ကားကြီးကွင်းအနီး)၊ (ပခုက္ကူခရိုင်၊ မြိုင်၊ သဒ္ဒတ်ကျေးရွာအုပ်ကြီး)၊ (မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဒူးရင်းဆိပ် ကျေးရွာအုပ်စု)၊ (သထုံမြို့နယ် မြေနီကုန်းကျေးရွာ)၊ (ရေးမြို့နယ် စုံနံ့သာကျေးရွာခွဲ)၊ (ရန်ကုန်၊ မရန်းကုန်း ဘုရင့်နောင် အမှတ် ၃ရပ်ကွက် )၊ (တနင်္သာရီတိုင်းဒေသကြီး၊ မြိတ် – ခရိုင်)၊ ( မန်းလေး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့ မြစ်ကမ်းကျေးရွာအုပ်စု )၊ (မန်းလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်း)၊ ( စစ်ကိုင်း တိုင်း၊ ခင်ဦးမြို့နယ် ကုန်းကြီးကျေးရွာ)၊ (တောင်ဒဂုံ ၂၄ရပ်ကွက်)၊ (စစ်ကိုင်းတိုင်း၊မုံရွာခရိုင်၊ဘုတလင်မြို့ ဆိပ်ကန်သာရွာအနီး ကြို့ကုန်းရွာ) (စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့)

ဇူလိုင် ၂၂ ရက်နေ့မှ ၂၈ရက်နေ့အထိသာရေးသတင်းပြဇယားဖြစ်ပါသည်။ တိကျခိုင်လုံသော သတင်းဌာနများမှ ဖေါ်ပြချက်များကို မိုလိုတော့ဗ်အဖွဲ့သားများက စုစည်းတင်ပြခြင်းဖြစ်ပါသည်။ တိကျပြီးလက်လှမ်းမီသော အချက်အလက်များကိုသာ စုစည်းထားခြင်းဖြစ်သောကြောင့် စာရင်းမသိသော သာရေးသတင်းများကိုလည်းတွေးဆ ဝမ်းသာနိုင်ပါကြောင်း......